*Volume 2 / Issue 10 /October / 2009*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## B.C.F. Children's Day Worship Service - October 25, 2009. 2:00 PM

### Children's Day Around the World

**Children's Day** celebrations vary around the world. Here are a few of the international celebrations.

**Universal Children's Day** – Established by the United Nations in 1954, this day is observed on November 20th each year. Its goal, according to the U.N. is to celebrate a day of activity devoted to promoting the ideals, objectives and welfare of the children of the world.

**International Children's Day** – This is a joint initiative between UNICEF and the International Academy of Television Arts and Sciences. Held on the second Sunday in December.

**World Children's Day** – November 20th is recognized each year by McDonald's when they spotlight children and raise money for their Ronald McDonald House Charities.

**The Little Children and Jesus** (Mt 19:13-15; Mk 10:13-16; Lk 18:15-17)

Then little children were brought to Jesus for him to place his hands on them and Pray for them. But the disciples rebuked those who brought them. Jesus said, "Let the little children come to me, and do not hinder them, for the kingdom of heaven belongs to such as these." When he had placed his hands on them, he went on from there.

Mailing Address - Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

## We all one in Jesus

By: Smile



On this World Communion Sunday,

Jesus prayed that we might be one.
One in spirit
One in mission
In union and communion with each other and with You.

We celebrate!
The greatest good news the world has ever heard,
God so loved each one of us
He sent Jesus, who died on the cross to save us.

We remember!
The truth that we are to remember!
Jesus love and sacrifice for all of us.
Jesus: the Lord's Supper
The bread: his body broke it and gave it to us.
The cup: the new covenant, which is poured out for us.

We thank you!
For spiritual communion table with space enough for us all.
That's The Lord's Table, not our own.

We believe in you!
Shall not perish but have eternal life.

We pray!
O Lord,
Give us a mind to accept and celebrate our differences.
Give us a heart big enough to love your children everywhere.
Amen.

(Do this in remembrance of me. Luke. 22)



# ကမ္ဘာလုံးဆိုင်ရာ
# ပွဲတော်မင်္ဂလာနေ့

# World Communion Day

ပျို့ရွယ်စဉ်ချိန်ခါကတည်းကပင် ရင်းနှီးဝင်စားခဲ့ရပါသော ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့။

နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ၏ပထမအပါတ်တနင်္ဂနွေနေ့သည် ကမ္ဘာလုံးဆိုင်ရာပွဲတော်မင်္ဂလာနေ့ဖြစ်သည်ကို အရိုးထဲထိစွဲအောင် မှတ်မိနေပါသည်။

၂၀၀၉ခုနှစ်တွင်အောက်တိုဘာလ၊၄ရက်နေ့သည်ကမ္ဘာလုံးဆိုင်ရာပွဲတော်မင်္ဂလာနေ့ဖြစ်ပါသည်။ ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့သည် လစဉ်ပြုလုပ်သော ပွဲတော်မင်္ဂလာနှင့်မတူ တမူထူးခြားသည်ဆိုလျှင်လည်း မမှားနိုင်ပါ။ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အရ၊ စံတော်ချိန် နံနက်၁၁း၀၀နာရီအချိန်ကို သတ်မှတ်ထားပါသောကြောင့်၊ အောက်တိုဘာလ၊ ၄ရက်၊ တနင်္ဂနွေနေ့တွင်၊ ကမ္ဘာတဝှမ်းလုံး ကွင်းဆက်မပြတ်၊သတ်မှတ်သည့်အချိန်နာရီ၌၊ ခမည်းတော်၏မေတ္တာတော်နှင့်ဘုန်းတန်ခိုးအာနုတော်၊သခင်ယေရှု၏နာခံခြင်းနှင့်ကျေးဇူးတော်ကိုအောက်မေ့ဆင်ခြင်ကာ၊ ပွဲတော်မင်္ဂလာခံယူသောနေ့မြတ်ဖြစ်ပါသည်။

ဤနေ့ရက်သည်၊–

ကမ္ဘာ့အရှေ့ဖျားမှစ၍ အနောက်စွန်းအထိ၊
အာရုဏ်ဦးအချိန်မှစ၍ နေဝင်ပြီးညဉ့်နက်သည် တိုင်အောင်၊
အသင်းတော် တစ်ပါးချင်းမှသည် လူထုအစည်းအဝေးသို့၊
သိမ်ငယ်လှသောတဲပုတ်ငယ်မှ ခမ်းနားထယ်ဝါသောကသီတြီရယ်အဆုံး၊
လူကြီး၊ လူအို၊ လူရွယ်၊ လူလတ်၊ လူငယ်နှင့်ကလေးပါမကျန်၊ ဗတ္တိဇံခံပြီးသူတိုင်း၊
အသားအရောင်မရွေး၊ ဘာသာစကားမရွေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံမရွေး၊
ဂိုဏ်းဂဏမခွဲ၊ လူမျိုးပေါင်းစုံ၊ ယုံကြည်သူတိုင်းနှင့်ခရစ်ယာန်ဘာသာဝင်အများ၊
ပါဝင်နိုင်သည့် "ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့" ဖြစ်သည်။

ကမ္ဘာ့စက်ဝိုင်းပေါ် ရှိအရှေ့၊အနောက်၊တောင်၊မြောက် နေရာအနှံ့အပြားမှ၊တိုင်းနိုင်ငံပေါင်း၂၂၀ ကျော်ရှိယုံကြည်သူခရစ်ယာန်အများသည် ထိုတစ်နေ့ထဲတွင်မိမိတို့ရှိသည့်နေရာမှာ သခင်ခရစ်တော်ပြုတော်မူခဲ့သည့်အတိုင်း၊ "ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကို ဖဲ့၍၊ ဤမုန့်ကား ငါ၏ ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေး တော်မူ၏။ ခွက်ကို လည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍၊သင်တို့ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ် တရားသစ်နှင့် ဆိုင်၍ လူများတို့၏ အပြစ်ကို လွှတ်စေခြင်းငှါ သွန်းသောငါ၏ အသွေး ဖြစ်၏။ ငါ့ကိုအောက်မေ့ဘို့ရာဤသို့ပြုကြလော့"ဟုမိန့်တော်မူသည့်အတိုင်း၊ ယုံကြည်လျှက် နာခံလိုက်လျှောက်ခြင်းကိုပြုပါသည်။

တမန်တော်ကြီးရှင်ပေါလုသည်လည်း(၁ကော၊၁၀း၁၅–၁၇)တွင်၊–ကောရိန္တုအသင်းတော်၌၊ "ငါတို့သည် ကျေးဇူးတော်ချီးမွမ်းရာ မင်္ဂလာခွက်ဖလားမူကား၊ ခရစ်တော်၏ အသွေးကိုဆက်ဆံခြင်းဖြစ်သည်မဟုတ်လော။ ငါတို့ဖဲ့သောမုန့်မူကား၊ ခရစ်တော်၏ကိုယ်ကို ဆက်ဆံ ခြင်းဖြစ်သည်မဟုတ်လော။ မုန့်တလုံးတည်းရှိသည်ဖြစ်၍၊ ငါတို့ရှိသမျှသည်တလုံးတည်းဖြစ်သောထိုမုန့်ကိုဆက်ဆံလျက် ခံယူကြသောကြောင့်၊ အများဖြစ်သော ငါတို့သည် တလုံးတကိုယ်တည်းဖြစ်ကြ၏"ဟုသွန်သင်ခဲ့၏။

ထိုသို့တလုံးတဝ၊တကိုယ်တည်းဖြစ်ဘို့ရန်အတွက်၊သခင်ခရစ်တော်သည် အဘခမည်းတော်ထံ၌ဤသို့ဆက်ကပ်အပ်နှံခဲ၊ "ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြမည်အကြောင်း၊ ထိုသူအပေါင်းတို့သည်တလုံးတဝ တည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိ သကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်းဖြစ်စေခြင်းငှါ" ဆုတောင်းခဲ့၏။(ယော၊၁၇း၂၁)

သခင်ခရစ်တော်တောင်းခံခဲ့သောဆုပဌနာသည်ခမည်းတော်၏ဘုန်းတန်ခိုးတော်အားဖြင့်ပြီးပြည့်စုံကြောင်းကို ဤကမ္ဘာလုံးဆိုင်ရာ "ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့" အားဖြင့်ဖေါ်ပြနေပါသည်။

ပွဲတော်မင်္ဂလာ၏နောက်ကွယ်တွင်၊ သခင်ခရစ်တော်၏ ဝေဒနာလမ်းနှင့်ကားတိုင်ပေါ်တွင် သင်နှင့်ကျွန်ုပ်တို့အတွက်အသက်တော်စွန့်၍၊ အပြစ်လွှတ်သည့်ကယ်တင်ခြင်း တစ်ခုတည်းအတွက်သာ မဟုတ်၊ သခင်ခရစ်တော်၏ လူ့ဇာတိခံကာမွေးဖွားသည်မှစပြီး၊ ရှင်ပြန်ထမြောက်၍၊ ကောင်းကင်ဘုံ နန်းတွင်စံမြန်းသည့်အရာအားလုံးကို အောက်မေ့ဘို့ရာဖြစ်ပါသည်။

"ကမ္ဘာ့ပွဲတော်မင်္ဂလာနေ့"တွင်၊ ကွင်းဆက်မပြတ် မခြားမလတ် တလုံးတဝတည်းပြုလုပ်ကြသော မုန့်နှင့်စပျစ်ရည် ဝေငှ၍၊ အတူတကွစားသောက်ခြင်း၊ တရားဒေသနာကြားနာခြင်း၊ ဆုတောင်းပဌနာပြုခြင်း၊ ဓမ္မသီချင်းကျူးဧခြင်း၊ အလှူတော်ငွေထဲ့ဝင်ခြင်း … စသည်တို့သည် ဘုရားသခင်၏ ပလ္လင်တော် လက်ျာဘက်၌ ထိုင်နေတော်မူသော သခင်ယေရှုခရစ်တော်၏ တလုံးတဝတည်းသော ဆန္ဒပင်မဟုတ်ပါလား။

သခင်ဘုရား၏ မုန့်နှင့်ခွက်ကို မထိုက် မတန်ဘဲ စားသောက်သောသူသည်သခင်ဘုရား၏ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့်၊ သခင်ဘုရား၏ကိုယ်တော်နှင့် အသွေးတော်ကို ပြစ်မှားရာရောက်၏။

ထိုကြောင့် ပွဲတော်မင်္ဂလာ အစည်းအဝေးသို့ မဝင်မီ မိမိကိုယ်ကို စစ်ကြောသန့်ရှင်း စေပါ။ ခရစ်တော်၏ပွဲတော်ကို ဝင်စားရသောအခွင့်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါ၏။ ။



ခရစ်တော်၏ညစာစားပွဲပုံ

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~ အမှုတော်မြတ်၌။–ရီရီအေး
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~